သို့

ဗဟိုဥပဒေရေးရာအကြံပေးအဖွဲ့
အမျိုးသားဒီမိုအရေစီအဖွဲ့ချုပ်
ရန်ကုန်မြို့

ရက်စွဲ ။ ။ ၂၀၁၀ ခုနှစ်၊ မတ်လ၊ ၂၇ ရက်

အကြောင်းအရာ ။ ။ နိုင်ငံသားအခွင့်အရေးဆိုင်ရာ တရားစွဲဆိုခြင်းနှင့်ပတ်သက်၍ ဥပဒေရေးရာအကူအညီ တောင်းခံခြင်း။

ကျွန်တော်၊ ကျွန်မတို့သည် ကချင်ပြည်နယ်၊ဖားကန့်မြို့နယ် ဂရာဖွပ်ကျေးရွာအုပ်စုတွင် နေထိုင်ကြသော တောင်သူများဖြစ်ကြပါသည်။ ကျွန်တော်၊ ကျွန်မတို့၏ နယ်မြေတွင် ယုဇနကုမ္ပဏီမှ ယခုအခါ မြေလွှတ်မြေရှင်းဖော်ထုတ်၍ စိုက်ပျိုးရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေရာ တည်ဆဲဥပဒေများကို လစ်လျူရှုလျက်၊ တောင်သူများ၏ လယ်ယာ၊ ဥယျာဉ်ခြံများကို ဖျက်ဆီး၍ ၎င်းတို့ အပိုင်စိုက်ခင်းများအဖြစ်ဖော်ဆောင်ဖန်တီးလျက်ရှိပါသည်။ သို့လုပ်ဆောင်မှုကြောင့် စုစုပေါင်းတောင်သူ (၂၁၀) ၏ စိုက်ပျိုးလုပ်ကိုင်စားသောက်သော မြေယာ ဧက (၈၈၉) ခန့်ဖျက်ဆီးခြင်းခံရပါသည်။

ထို့အပြင် ၂၀၁၀ ခုနှစ် ဇန္နဝါရီလ ၁၁ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း အောင်ရာကျေးရွာ၊ နမ့်ဆိုင်ကျေးရွာ၊ လဘန်ကောက်ကျေးရွာ ရှိလူနေအိမ်ခြေ များကိုလည်း ယုဇနကုမ္ပဏီပိုင် စက်ကြီးများဖြင့် အတင်းအဓမ္မဝင်ရောက် ဖျက်ဆီးသောကြောင့် လူနေအိမ်ခြေ ၁၀၀ ကျော်ဖျက်ဆီးခံခဲ့ရပါသည်။ ဖျက်ဆီးခံရသော အိမ်အများစုမှာ ရ.ယ.က ဥက္ကဋ္ဌ၏ အတင်းအဓမ္မ ခြိမ်းခြောက်မှုကြောင့် ပြောင်းရွှေ့ ပါမည် ဟု ဂန်ခံချက်ထိုးခဲ့ရပါသည်။ သို့သော် လက်မှတ်မထိုးပဲ တင်းခံနေသော အိမ်ထောင်စု ၃ ခု၏လူနေအိမ်ခြေ ပစ္စည်းများ မှာလည်း ဖျက်ဆီးခံခဲ့ရပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ လယ်ယာမြေ၊ ဥယျာဉ်ခြံနှင့် အိမ်များ ဖျက်ဆီးခံရသော တောင်သူများက တည်ဆဲဥပဒေ များအတိုင်း ယုဇနကုမ္ပဏီကို ပြန်လည်တရားစွဲဆို ရန်ပြင်ဆင်လျက်ရှိ ကြပါသည်။ သို့သော် ကျေးလက် တောင်သူများ ဘက်မှရဲရဲဝင့်ဝင့် ဦးဆောင်၍ တရားစွဲဆိုပေးနိုင် မည့် ရှေ့နေငှားရမ်းရာ ၌အခက်အခဲ တွေ့နေရပါသည်။ ရန်ကုန်မြို့ရှိ ရှေ့နေကြီးများဖြစ်သော ဦးကြည်ဝင်းနှင့် ဦးကျော်ဟိုး တို့နှင့်တိုင်ပင်ရာ ၎င်းတို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဥပဒေအကြံပေးအဖွဲ့အား တင်ပြအကူအညီ တောင်းခံပါဟု အကြံပြုလာသောကြောင့် ဂရာဖွပ်အုပ်စုဝင် နိုင်ငံသား အခွင့်အရေးဆုံးရှုံး ရသော တောင်သူများကိုယ်စား ကျွန်တော်၊ ကျွန်မတို့က အကူအညီ တောင်းခံအပ်ပါသည်။

လေးစားစွာဖြင့်

| တိုင်ကြားသူ | လက်မှတ် |
|---|---|

(၁) ဦးလမုန်တန်ကွန်း (ရှုဒူးဖွပ်ကျေးရွာ)
မှတ်ပုံတင်အမှတ် (၁/ကမန(နိုင်) ၀၂၄၈၃၇)

(၂) ဒေါ်ဘောက်ဂျာ (အောင်ရာကျေးရွာ)
မှတ်ပုံတင်အမှတ် (၁၂/ဗတထ(နိုင်) ၀၁၃၁၄၇)

(၃) ဒေါ်နာဆာထီ (လဘန်ကောက်ကျေးရွာ)
မှတ်ပုံတင်အမှတ် (၁/ပထတ(နိုင်) ၀၂၁၆၄၆)

(၄) ဒေါ်လထော်ကိုင် (အောင်ရာကျေးရွာ)
မှတ်ပုံတင်အမှတ် (၁/ဒဖယ(နိုင်) ၀၀၂၁၆၆ )

သို့

ညှိနှိုင်းရေးမှူး
အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့
အခန်း ၁၂၁၂-၂၈/၁၂ထပ်
ကုန်သည်ကြီးများဟိုတယ်
၂၂၃၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။

ရက်စွဲ။ ။ မတ်လ ၊ ၂၆ ရက် ၊ ခုနှစ်သက္ကရာဇ်၂၀၁၀

အကြောင်းအရာ ။ ။ ယုဇနကုမ္ပဏီမှ အဓမ္မခိုင်းစေမှုများကို စုံစမ်းစစ်ဆေးပေးပါရန် တိုင်ကြားခြင်း။

ကျွန်တော်၊ ကျွန်မတို့သည် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ် ဂရာဇွပ်ကျေးရွာအုပ်စုတွင် နေထိုင်ကြသော တောင်သူများဖြစ်ကြပါသည်။ ကျွန်တော်၊ ကျွန်မတို့၏ ကျေးရွာအုပ်စု နယ်နိမိတ်အတွင်း ယုဇန ကုမ္ပဏီမှ မြေလွတ်မြေရိုင်းဖော်ထုတ်၍ စီးပွားဖြစ်စိုက်ခင်းများ တည်ထောင်ရန် လုပ်ဆောင်လျက်ရှိပါသည်။ ထိုသို့လုပ်ဆောင်ရာတွင်-

(၁)၊ ဒေသခံပြည်သူများ၏ ဘဂရှင်သန်ရပ်တည်ရေး အခွင့်အလမ်းများကို နည်းမျိုးစုံသုံး၍ဖျက်စီးပြီး
(၂)၊ ကုမ္ပဏီက ပေးမှ ကျွေးမှ နေရစားရသည့် ဘဂ မျိုးရောက်အောင် အဓမ္မခိုင်းစေဆောင်ရွက်နေ ပါသဖြင့် လိုအပ်သလို စုံစမ်းစစ်ဆေးဖော်ထုတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ သက်ဆိုင်ရာအချက်အလက် များကိုလည်း ဤစာနှင့် ပူးတွဲတင်ပြအပ် ပါသည်။

တိုင်ကြားသူ လက်မှတ်

(၁) ဦးလမုန်တန်ကွန်း (ရှဒူးဇွပ်ကျေးရွာ)
မှတ်ပုံတင်အမှတ် (၁/ကမန(နိုင်) ၀၂၄၈၃၇)

(၂) ဒေါ်ဘောက်ဂျာ (အောင်ရာကျေးရွာ)
မှတ်ပုံတင်အမှတ် (၁၂/ဗတထ(နိုင်) ၀၁၃၁၄၇)

(၃) ဒေါ်နာဆာထီ (လဘန်ကောက်ကျေးရွာ)
မှတ်ပုံတင်အမှတ် (၁/ပထတ(နိုင်) ၀၂၁၆၄၆)

(၄) ဒေါ်လထော်ကိုင် (အောင်ရာကျေးရွာ)
မှတ်ပုံတင်အမှတ် (၁/ဒဖယ(နိုင်) ၀၀၂၁၆၆ )

အခြားတိုင်ကြားသည့် ရွာသူ၊ ရွာသားများစာရင်းကို ဆက်လက်ပေးပို့ပါမည်။